# ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း



**NEW APPROACH TO BUDDHA DESANA**

ဗုဒ္ဓဒေသနာကို စနစ်သစ်နည်းဖြင့် လေ့လာခြင်း

စာစဉ်(၄)

# ခန္ဓာ(၅)ပါးနှင့် ဥပါဒါနက္ခန္ဓာ(၅)ပါး

၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ ၂၈-ရက်၊ စနေနေ့
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အာဇာနည်လမ်း
ရှင်သာမဏေဗိမာန်တွင် ၂၄-ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း
၈-ရက်မြောက်နေ့တွင် ဟောကြားသောတရားတော်


## ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)

ပဓာနနာယက၊ ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဌာနမှူး (ငြိမ်း)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး

# ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့်လေ့လာခြင်း

## တာစဉ် - ၄

## ခန္ဓာ(၅)ပါး နှင့် ဥပါဒါနက္ခန္ဓာ(၅)ပါး

၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်၊ စနေနေ့
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊
ရှင်သာမဏေဗိမာန်တွင် (၂၄)ကြိမ်မြောက်၊ ဗုဒ္ဓဒေသနာသင်တန်း
(၈)ရက်မြောက်နေ့တွင် ဟောကြားပါသည်။


# ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

# ခန္ဓာ(၅)ပါး နှင့် ဥပါဒါနက္ခန္ဓာ(၅)ပါး

ခန္ဓာ၊ ခန္ဓာ-၅ပါးတို့ဟာ အလုပ်တွေ လုပ်ကြတာပါ။ ခန္ဓာ-၅ပါးနှင့် ပတ်သက်တဲ့ သဘာဝတရားတွေ လေ့လာခဲ့ပါတယ်။

အလုပ်လုပ်နေတယ်ဆိုတဲ့ သဘော။ ပြောတဲ့အသံတွေ နားထဲ ရောက်လာတော့ ကြားတဲ့အဖြစ်ဖြစ်၊ ကြားစိတ်တွေက ကြားတဲ့အလုပ်ကို လုပ်ပါတယ်။ ကြားနေတာကို ကြားစိတ်နှင့်လုပ်တော့၊ သိတဲ့အလုပ်လည်း လုပ်ပါတယ်။ မှတ်တဲ့အလုပ်လည်း လုပ်ပါတယ်။ ခံစားတဲ့အလုပ်လည်း လုပ်ပါတယ်။ အားထုတ်တဲ့အလုပ်လည်း လုပ်ပါတယ်။

ကြားကိစ္စလုပ်သလို၊ မြင်ကိစ္စလည်း လုပ်ပါတယ်။ မြင်ကိစ္စနှင့် ပတ်သက်လို့ သိတဲ့စွမ်းအား၊ မှတ်တဲ့စွမ်းအား၊ ခံစားတဲ့စွမ်းအား၊ အားထုတ်တဲ့စွမ်းအားလည်း လုပ်ပါတယ်။ အတွေ့ကိစ္စကို လုပ်တာလည်း သိ၊ မှတ်၊ ခံစား၊ အားထုတ်နှင့် လုပ်ပါတယ်။ အနံ့ကိစ္စကို လုပ်တော့လည်း သိ၊ မှတ်၊ ခံစား၊ အားထုတ်။ အရသာကိစ္စကိုလည်း သိ၊ မှတ်၊ ခံစား၊ အားထုတ်၊ ၄-မျိုးနှင့် လုပ်ပါတယ်။ ဒါတွေဟာ စိတ်ဆိုသောစိတ် အလုပ်လုပ်ပုံသဘောပါ။ အလုပ်လုပ်တိုင်း သိမှု၊ မှတ်မှု၊ ခံစားမှု၊ အားထုတ်မှု ၄-မျိုးနှင့် လုပ်ပါတယ်။ အလုပ် ၅-မျိုး ကြားစိတ်၊ မြင်စိတ်၊ အတွေ့စိတ်၊ အနံ့စိတ်၊ အရသာစိတ်၊ စိတ် ၅-မျိုးကို ကိစ္စ ၄-မျိုးနှင့် လုပ်နေတာပါ။

### သဘာဝအလုပ်လုပ်ပုံ

မြင်ကိစ္စ၊ ကြားကိစ္စတွေဟာ အမိဝမ်းတိုက်က ကျွတ်တဲ့အချိန်

ကတည်းက မျက်စိ၊ နားကောင်းနေတဲ့ကလေးဟာ မြင်ကိစ္စလည်း လုပ်ပါတယ်။ ကြားကိစ္စလည်း လုပ်ပါတယ်။ အရသာကိစ္စ၊ အနံ့ကိစ္စလည်း လုပ်ပါတယ်။ အမိဝမ်းတိုက်က ကျွတ်ကတည်းက လုပ်လာတာဟာ ယနေ့အထိပါ။ လုပ်လာတဲ့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် များပါတယ်။ အကြိမ်များစွာ မြင်အလုပ်၊ ကြားအလုပ်တွေကို လုပ်ခဲ့တာပါ။ အကြိမ်များစွာ လုပ်လာတော့ 'စွဲ'လာပါတယ်။ ကြိမ်ဖန်များစွာလုပ်တော့ အလုပ်တွေဟာ စွဲလာပါတယ်။ စွဲတဲ့အစွဲက သိတာလည်း စွဲ၊ မှတ်တာလည်း စွဲ၊ ခံစားတာလည်း စွဲ၊ အားထုတ်တာလည်း စွဲပါတယ်။ စွဲပုံစွဲနည်းကို သေသေချာချာ ပိုင်းခြားကြည့်ပါ။

စွဲနေတဲ့သဘောတွေဟာ စိတ်နှင့် တွဲနေပါတယ်။ စိတ် အလုပ်လုပ်ခြင်း ကြိမ်ဖန်များစွာ လုပ်ခြင်းကြောင့် အစွဲဖြစ်လာပါတယ်။ သိတာလည်းစွဲ၊ မှတ်တာလည်းစွဲ၊ ခံစားတာလည်းစွဲ၊ အားထုတ်တာလည်းစွဲနှင့် စွဲနေတဲ့သဘောတွေ အဟုတ်တကယ် ရှိလာပါတယ်။ သိဆိုတာဟာ ကြားတာတွေကို သိတဲ့အစွဲ၊ ကြားတာတွေကို မှတ်တဲ့အစွဲ၊ ကြားတာတွေကို ခံစားထားတဲ့အစွဲ၊ ကြားတာတွေကို အားထုတ်ထားတဲ့အစွဲ။ အစွဲ ၄-မျိုး။ မြင်တာမှာလည်း မြင်သိတာဟာလည်း အစွဲ၊ မြင်မှတ်တာလည်း အစွဲ၊ မြင်မှုကို ခံစားထားတဲ့အစွဲ၊ မြင်မှုကို အားထုတ်ထားတဲ့ အစွဲ။ ထို့အတူ အတွေ့ကို သိတာ စွဲ၊ မှတ်တာ စွဲ၊ ခံစားတာ စွဲ၊ အားထုတ်တာ စွဲ။ အနံ့ကိုသိတဲ့ အစွဲ၊ မှတ်တဲ့ အစွဲ၊ ခံစားတဲ့ အစွဲ၊ အားထုတ်တဲ့ အစွဲ။ အရသာမှာလည်း သိတာစွဲ၊ မှတ်တာ စွဲ၊ ခံစားတာ စွဲ၊ အားထုတ်တာ စွဲ။ ဒီအစွဲတွေဟာ အဟုတ်တကယ် စွဲပါတယ်။

ဒီကိစ္စတွေကို ဆောင်ရွက်နေတဲ့ခန္ဓာ၊ နာမ်ခန္ဓာ။ နာမ်ခန္ဓာက ကြားကိစ္စ၊ မြင်ကိစ္စ၊ အတွေ့ကိစ္စ၊ အနံ့ကိစ္စ၊ အရသာကိစ္စတွေ ဆောင်ရွက်နေပါတယ်။ နာမ်ခန္ဓာ ၄-ပါး၊ ကိစ္စ ၅-မျိုး။ နာမ်ခန္ဓာ ၄-ပါးက ကိစ္စ ၅-မျိုးနှင့်တွဲပြီး အလုပ်လုပ်တော့၊ စိတ်စွမ်းအား ၄-မျိုး အလုပ်လုပ်တိုင်း စွမ်းအားက ထောက်ပံ့ပေးရပါတယ်။

စိတ်စွမ်းအား ၄-မျိုး၊ ရုပ်စွမ်းအား ၁-မျိုး။ နာမ်ခန္ဓာ (စိတ်အဖွဲ့) ၄-မျိုး၊ ရုပ်အဖွဲ့ ၁-မျိုး အလုပ်တွေ လုပ်နေပါတယ်။ နာမ်ခန္ဓာ ၄-မျိုး၊ ရုပ်ခန္ဓာ ၁-မျိုး စုပေါင်းပြီး ၅-မျိုးသည် အလုပ်လုပ်နေသော ခန္ဓာ ၅-ပါး။ သူတို့ဟာ ပစ္စုပ္ပန်တည့်တည့်မှာ အလုပ်လုပ်နေပါတယ်။ သဘာဝတရားတွေ တကယ် အလုပ်လုပ်နေတဲ့အဖွဲ့ (ခန္ဓာ)၅-ဖွဲ့။ ခန္ဓာ ၅-ပါး၊ စိတ်ကပါဝင်ဆောင်ရွက်နေတဲ့ သဘာဝတရား ၄-မျိုး၊ ရုပ်က ၁-မျိုး၊ စိတ် ၄-မျိုးမှာ ၄-ဖွဲ့။ သိ၊ မှတ်၊ ခံစား၊ အားထုတ်။ ရုပ်က ရုပ်စွမ်းအားအဖွဲ့ ပေါင်း ၅-ဖွဲ့။ ပေါင်းနေတာသည် ခန္ဓာ ၅-ပါး။ ခန္ဓာ ၅-ပါးဟာ အလုပ်လုပ်နေပါတယ်။ အလုပ်လုပ်နေသော အချိန်တွင်သာ ခန္ဓာ ၅-ပါး ထင်ရှားပါတယ်။

အခုပြောသောစကားတွေ ကြားတာသည် ကြားစိတ်က ဆောင်ရွက်နေတာပါ။ ကြားကိစ္စ ဆောင်ရွက်နေချိန်မှာ သိမှု၊ မှတ်မှု၊ ခံစားမှု၊ အားထုတ်မှုဆိုတဲ့ သဘာဝ ၄-မျိုး အလုပ်လုပ်တယ်။ ကြားအောင် လုပ်ပေးတဲ့ စွမ်းအား ပါပါတယ်။ ဒါသည် ၅-မျိုးသောအဖွဲ့ အလုပ်လုပ်တာပါ။ ဒါသည် ခန္ဓာ ၅-ပါး။ ဒါကြောင့် ခန္ဓာ ၅-ပါးသည် အလုပ်လုပ်နေသော အဖွဲ့။ အလုပ်လုပ်တုန်းသာ ထင်ရှားတာပါ။ ရုပ်ခန္ဓာက နား၏စွမ်းအား

ရုပ်စွမ်းအား စိတ်စွမ်းအား ၄-မျိုးတွဲ၍ ကြားကိစ္စကို ဆောင်ရွက်နေတာပါ။

ခန္ဓာ ၅-ပါးဆိုတာ အဖွဲ့ ၅-ဖွဲ့ ကို ခေါ်ပါတယ်။ အလုပ်လုပ်နေသော အဖွဲ့။ အလုပ်လုပ်တာသည် စွမ်းအားနှင့် လုပ်တာပါ။ စိတ်ဆိုသော စိတ်ထဲမှာ စွမ်းအား ၄-မျိုး ပါပါတယ်။ သိနိုင်တဲ့ စွမ်းအား၊ မှတ်နိုင်တဲ့ စွမ်းအား၊ ခံစားနိုင်တဲ့စွမ်းအား၊ အားထုတ်နိုင်တဲ့စွမ်းအား။ ဒါသည် နာမ် စွမ်းအား ၄-ပါး။ အကြားကိစ္စမှာ နားက စွမ်းအားထုတ်ရပါတယ်။ နားက ထုတ်တာသည် ရုပ်စွမ်းအား။ ရုပ်စွမ်းအားနှင့် နာမ်စွမ်းအား ၂-ပါး ပေါင်း၍ အလုပ်လုပ်ပါတယ်။ ခန္ဓာဖွဲ့တော့ ၅-ပါး။ ခန္ဓာ ၅-ပါးပြောလျှင် ရုပ်ခန္ဓာ ၁ပါး၊ နာမ်ခန္ဓာ ၄-ပါး။ သူတို့ အလုပ်လုပ်နေသော အချိန်တွင်သာ ခန္ဓာ ၅-ပါး ထင်ရှားပေါ်ပေါက်ပါသည်။

ကြားကိစ္စကို ဆောင်ရွက်နေတာလည်း ခန္ဓာ ၅-ပါး။ ရေးပြတာတွေကိုမြင်တဲ့ မြင်ကိစ္စကို ဆောင်ရွက်တာသည်လည်း ခန္ဓာ ၅-ပါး။ ဒီသဘောကို ဉာဏ်ကရောက်အောင် စဉ်းစားမှ ခန္ဓာ ၅-ပါး၏ အဓိပ္ပါယ်ကို သိပါတယ်။ ကြားတာတွေကို သိတယ်။ ကြားတာတွေကို မှတ်တယ်။ ကြားတာတွေကို ခံစားတယ်။ အားထုတ်ပါတယ်။ ရုပ်စွမ်းအား (နား၏ စွမ်းအား)ကလည်း ကူညီပါတယ်။ ထပ်တလဲလဲ ကြားနေတာသည် အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပါ။ ကြားလို့ သိလာတာတွေဟာ သိပါ များတော့ စွဲပါတယ်။ အသိစွဲ။ ကြားတာကို မှတ်ထားတာများတော့ အမှတ်စွဲ။ ခံစားတာတွေများတော့ ခံစားမှုအစွဲ။ အားထုတ်တာတွေ များတော့ အားထုတ်မှု အစွဲ။ အလုပ်ကို ကြိမ်ဖန်များစွာလုပ်လို့ အစွဲပေါ်လာပါတယ်။

ဒီအစွဲတွေဟာ ခန္ဓာမှာ တကယ်ရှိနေတာပါ။ အစွဲဟာ ကြာလာတော့ အဖွဲ့ဖြစ်လာပါတယ်။ (အစွဲ = ဥပါဒါန်)။ အစွဲတွေ ထပ်ခါထပ်ခါ ဖြစ်တော့ သူတို့လည်း အဖွဲ့ကြီးနှင့် ဖြစ်လာပါတယ်။ (အဖွဲ့ = ခန္ဓာ) အစွဲ ခန္ဓာ ဥပါဒါနက္ခန္ဓာ= အစွဲအဖွဲ့။

ဥပါဒါနက္ခန္ဓာဆိုတဲ့ အစွဲအဖွဲ့ဖြစ်လာပုံကို သေသေချာချာ စဉ်းစားပါ။ ခန္ဓာ ၅-ပါး။ အစွဲအဖွဲ့ကလည်း ၅-ပါး။ ဒါကြောင့် ဥပါဒါနက္ခန္ဓာကလည်း ၅-ပါး။ ခန္ဓာ ၅-ပါးက ဥပါဒါနက္ခန္ဓာ ၅-ပါး ပြောင်းလာပါတယ်။ အလုပ်တွေ ထပ်ခါထပ်ခါ လုပ်ခြင်းကြောင့် သိတဲ့သဘောက အစွဲဖြစ်။ မှတ်တဲ့သဘောက အစွဲဖြစ်။ ဒီအစွဲတွေကို အဖွဲ့နှင့် ဖွဲ့လိုက်တော့ အစွဲအဖွဲ့ပေါင်း ၅-ခု ဖြစ်လာပါတယ်။

| | |
|---|---|
| အလုပ်လုပ်တဲ့အဖွဲ့ | - ခန္ဓာ ၅ပါး |
| အစွဲအဖွဲ့ | - ဥပါဒါနက္ခန္ဓာ ၅ပါး |

မိမိမှာ အဟုတ် အလုပ်လုပ်နေတဲ့ ခန္ဓာ ၅-ပါးလည်း ရှိပါတယ်။ သူ့အပေါ် မှီပြီး ဖြစ်လာတဲ့ အစွဲအဖွဲ့လည်း ရှိပါတယ်။ စွဲလာတဲ့ အစွဲအဖွဲ့တွေကို မှီပြီး မိမိဘဝကိစ္စကို ဆောင်ရွက်ခဲ့ရတာပါ။ ထပ်တလဲလဲ လေ့လာထားတော့ -

ကလေးဘဝက ကျောင်းသွားပြီး စာသင်ရပါတယ်။ စာသင်တော့ ကြားတာတွေနှင့် မြင်တာတွေကို ခန္ဓာ ၅-ပါးက ရပါတယ်။ ကြားတာ၊ မြင်တာ ပျောက်သွားလျှင် ပညာမတတ်ပါ။ အတန်းထဲဝင်၊ ဆရာပြောတာ နားထောင်၊ ဆရာရေးတာ မြင်။ အတန်းထဲကထွက်လာလို့ စွဲမလာလျှင် ပညာက မတတ်ပါ။ ကြားတာလည်း စွဲ၊ မြင်တာလည်း စွဲရပါတယ်။

ကြားတာကို စွဲရာမှာ သိအစွဲ၊ မှတ်အစွဲ (မှတ်အစွဲသည် အရေးကြီး)၊ ခံစားအစွဲ၊ အားထုတ်အစွဲ၊ အစွဲ ၄-မျိုးနှင့် ကြားတာကို တည်ဆောက်ထားတဲ့ အစွဲအဖွဲ့၊ မြင်တာကို တည်ဆောက်ထားတဲ့ အစွဲအဖွဲ့။ အစွဲတွေက ပထမ စာစသင်ကတည်းက စွဲလာတာ။ နောက်ဆုံးပိတ် စာမေးပွဲမေးခွန်းတွေကိုဖြေတဲ့အခါ မှတ်မိမှ ဖြေနိုင်မှာပါ။ မှတ်မိတယ်ဆိုတာသည် သညာက္ခန္ဓာဥပါဒါန်။ မှတ်ထားတဲ့ အစွဲအား သညုပါဒါနက္ခန္ဓာနှင့် လုပ်ရပါတယ်။ ဒါတွေဟာ ကြားထားတဲ့ ပညာ၊ မြင်ထားတဲ့ ပညာတွေပါ။ ဒါတင်မက ကြားတာတွေကို သဘောပေါက်နားလည်ထားတဲ့ သိထားတဲ့ ဝိညာဏ်တွေ၊ ဝိညာဏက္ခန္ဓာ ၅-ပါး။

သိတာကို ဝိညာဏ်၊ သိအစွဲခန္ဓာသက်သက်ကို ဝိညာဏက္ခန္ဓာ။ သိတာလေးကို စွဲသွားတော့ ဝိညာဏုပါဒါနက္ခန္ဓာ။ မှတ်တာလေးတွေ စွဲသွားတော့ သညုပါဒါနက္ခန္ဓာ။ ခံစားမှုတွေ စွဲသွားတော့ ဝေဒနုပါဒါနက္ခန္ဓာ။ အားထုတ်မှုတွေ စွဲသွားတော့ သင်္ခါရုပါဒါနက္ခန္ဓာ။ ဘဝဟာ အစွဲတွေနှင့် တည်ခဲ့ရတာပါ။ လုပ်ခဲ့တဲ့ ခန္ဓာ ၅-ပါးက မရှိတော့ပါ။ သို့သော် အစွဲက ကျန်ခဲ့ပါတယ်။ ပစ္စုပ္ပန်မှာ အဟုတ်တကယ် အလုပ်လုပ်နေတဲ့ ခန္ဓာတို့၏ လုပ်ပုံသဘောနှင့် အလုပ်တွေကြောင့် စွဲနေတဲ့အလုပ်တို့၏သဘောကို ပိုင်းပိုင်းခြားခြား ဆင်ခြင်တတ်ဖို့ပါ။ မိမိမှာ အစွဲတွေရှိပါတယ်။ အစွဲအမျိုးမျိုး မှတ်ထားတာတွေနှင့် အလုပ်တွေ လုပ်ရပါတယ်။ စာမေးပွဲဖြေတယ်ဆိုတာ အလုပ်တွေ လုပ်ရတာပါ။ အလုပ်လုပ်နိုင်တာဟာ ကြားထားတာတွေ မှတ်ထားစွဲလို့၊ မြင်ထားတာတွေ မှတ်ထားစွဲလို့ပါ။ သိထားတာတွေ စွဲလို့ပါ။ အလုပ်လုပ်တဲ့ ခန္ဓာ ၅-ပါးနှင့် အစွဲခန္ဓာ

၅-ပါးကို ခွဲခြားသိနိုင်ပါပြီ။

ခန္ဓာ ၅-ပါးက ဥပါဒါနက္ခန္ဓာ ၅-ပါးကို ထောက်ပံ့တာပါ။ ခန္ဓာ ၅-ပါး အလုပ်လုပ်မှ ဥပါဒါနက္ခန္ဓာ ပေါ်ရတာပါ။ ခန္ဓာ ၅-ပါးသည် အခု အလုပ်လုပ်ပြီးလျှင် အခုပျောက်သွားပါတယ်။ ကြားကိစ္စလုပ်ပြီး ချက်ချင်းပျောက်၊ မြင်ကိစ္စလုပ်ပြီး ချက်ချင်းပျောက်ပါတယ်။ ဥပါဒါနက္ခန္ဓာကျတော့ မပျောက်ပါ။ အစွဲကျတော့ ကျန်ပါတယ်။

အလုပ်ခန္ဓာ ၅-ပါးနှင့် အစွဲခန္ဓာ ၅-ပါး။ အလုပ်ခန္ဓာ ၅-ပါးမှာ စိတ်ကလုပ်တဲ့ အလုပ်ခန္ဓာ ၄-ပါးက သိအလုပ်၊ မှတ်အလုပ်၊ ခံစားအလုပ်၊ အားထုတ်အလုပ်။ ရုပ်ကလည်း သူ့စွမ်းအားနှင့် အလုပ်လုပ်ပါတယ်။ ရုပ်စွမ်းအားကလည်း ထပ်တလဲလဲလုပ်လာလျှင် ရုပ်တရားတွေမှာ စွဲပါတယ်။ စိတ်သာ ထပ်တလဲလဲလုပ်လို့ စွဲတာမဟုတ်။ ရုပ်ကလည်း ထပ်တလဲလဲလုပ်လျှင် စွဲပါတယ်။

စာရေးတာကို လက်ကလုပ်တယ်။ ညာသန်သူများဟာ ဘယ်လက်နှင့်ရေးလျှင် ညာလက်လို မကျွမ်းကျင်ပါ။ ထပ်တလဲလဲ ညာဘက်လက်နှင့်ရေးနေလို့ ညာဘက်လက်က ကျွမ်းကျင်ပါတယ်။ စွဲပါတယ်။ ဒါသည် ရုပ်ခန္ဓာ၏အစွဲ။ ရုပ်ခန္ဓာ၏အစွဲကလည်း အမျိုးစုံပါ။ ကွန်ပျူတာတွေ သုံးပါတယ်။ လက် ၁၀-ချောင်းလုံးက ကွန်ပျူတာကီးဘုတ်တွေကို ရိုက်ပါတယ်။ သင်ထားတဲ့သူသာ ရိုက်နိုင်ပြီး၊ မသင်ထားလျှင် မရိုက်နိုင်ပါ။ လက်ချောင်းလေးတွေဟာ သင်ထားလျှင် တတ်ပါတယ်။ ထပ်ခါထပ်ခါ ရိုက်တော့ စွဲပါတယ်။ ဒါဟာ ရုပ်၏ အစွဲပါ။ ရုပ်ကလည်း ထပ်တလဲလဲလုပ်လျှင် စွဲပါတယ်။ ထပ်တလဲလဲလုပ်တာသည် လေ့ကျင့်တာပါ။ ဒီဥပါ

ဒါန်ကို ရူပဥပါဒါန် - ရူပုပါဒါန်။ ဒီအစွဲ ၅-မျိုး- သိတာလည်း စွဲ၊ မှတ်တာလည်း စွဲ၊ ခံစားတာလည်း စွဲ၊ အားထုတ်တာလည်း စွဲ၊ ဒါသည် နာမ်ခန္ဓာအစွဲပါ။ ရုပ်ခန္ဓာအစွဲက ရူပဥပါဒါန်။

ပါဠိလိုပြောတော့ သိတာကို ဝိညာဏုပါဒါန်။ မှတ်တာကို သညုပါဒါန်။ ခံစားတာသည် ဝေဒနုပါဒါန်။ အားထုတ်တာ သင်္ခါရုပါဒါန်။ နောက်ဆုံးပိတ် ရူပုပါဒါန်။

ခန္ဓာ ၅-ပါးနှင့် ဥပါဒါနက္ခန္ဓာ ၅-ပါးကို တွဲပြောတာပါ။ ခန္ဓာသည် အဖွဲ့နှင့် အလုပ်လုပ်ထားတာပါ။ အဖွဲ့တိုင်း သူ့အဖွဲ့နှင့်သူ အစွဲတွေ တည်ထောင်ခဲ့တာပါ။ ကိုယ်ကိုယ်တိုင် ဘဝခရီးကို ဒါနှင့်လျှောက်ခဲ့တာပါ။ အရေးကြီးတာက ဥပါဒါနက္ခန္ဓာ တည်ထောင်ပုံကို မိမိဉာဏ်ထဲ သိလာဖို့ပါ။

ခန္ဓာ ၅-ပါးသည် အလုပ်။ အလုပ်နှင့် တည်ဆောက်တာကို ခန္ဓာ ၅-ပါး။ အလုပ်တွေ လုပ်ထားတာကို စွဲလာတာကို အစွဲခန္ဓာ ၅-ပါး။ ဥပါဒါနက္ခန္ဓာ ၅-ပါး။ ဒါသည် မိမိမှာ အဟုတ်တကယ် ရှိနေတာပါ။ အဟုတ် အလုပ်လုပ်ကြပါတယ်။ အထောက်အကူတွေ ပေးပါတယ်။ တစ်ဆင့်တက်မည်ဆိုလျှင် တက်သည့်အကြောင်းအရာကို နားလည်ဖို့ပါ။ မိမိတို့၏စိတ်က အလုပ်လုပ်နေတယ်ဆိုတာ၊ ဘယ်လိုလုပ်နေတယ်ဆိုတာကို ပညာအနေနှင့် မသင်ဖူးတော့၊ ဒီစိတ်တွေ၊ ဒီရုပ်တွေနှင့် လုပ်နေတဲ့ ခန္ဓာ ၅-ပါး အလုပ်ကို မသိပါ။

မြင်ကိစ္စလုပ်နေတဲ့နေရာမှာ စိတ်ကလေးက မြင်တဲ့အလုပ်ကို လုပ်တယ်။ မြင်ထားတဲ့ စာလုံးလေးတွေ မြင်ရုံတင်မက၊ မြင်ကိစ္စဆိုတဲ့

စကားလုံးလေးတွေ၏ အဓိပ္ပါယ်ကို သိပါတယ်။ အခြေခံက မြင်လို့ သိတာ၊ အဓိပ္ပါယ်ပေါက်တာပါ။

အဆင်းရူပါရုံကို မြင်တာအမှန်ပါ။ မြင်ကိစ္စလုပ်လို့ မြင်တာပါ။ မြင်ကိစ္စကိုမြင်သော်လည်း အဓိပ္ပါယ်မဖေါ်တတ်၊ အသံမထွက်တတ်တော့ မသိပါ။ မြင်ကိစ္စက မြင်တာပဲ လုပ်တယ်။ အဓိပ္ပါယ်ဖေါ်တဲ့ကိစ္စက နောက်ထပ် ထပ်လုပ်ပေးမှ အဓိပ္ပါယ်ပေါ်တာပါ။ မြင်ကိစ္စ မြင်ရုံလုပ်ပြီး မြင်တာကို အဓိပ္ပါယ်ဖေါ်တာ မလုပ်နိုင်ပါ။ ထပ်ပြီး အဓိပ္ပါယ်ဖေါ်တဲ့ အလုပ်လုပ်ရပါတယ်။ ဒါသည် ဒုတိယအလုပ်။ အဓိပ္ပါယ်ဖေါ်နိုင်တာသည် ထပ်တလဲလဲ မြင်ထားတဲ့ ရူပါရုံကို မှတ်ထားလို့ပါ။

(မ) လို့ မှတ်ထားတယ်။ (ြ) လို့ မှတ်ထားတယ်။ (င်) လို့ မှတ်ထားတယ်။ ၃-ခုတွဲတော့ (မြင်)ဆိုတာ အသံထွက်ပါတယ်။ သညာဥပါဒါန်ထဲမှာ ထည့်ထားပါတယ်။ ဒုတိယအဆင့်ဖြစ်တဲ့ စိတ်က မြင်တာလေးတွေကို 'ဘာပါလဲ'လို့ အလုပ်လုပ်နေရပါတယ်။ မြင်တာက ပုံသဏ္ဍာန်ကိုသာ မြင်တာပါ။ အတိတ်က မှတ်ထားတဲ့ အမှတ်အစွဲအဖွဲ့ သညာဥပါဒါန်ထဲ ပြန်ရှာရပါတယ်။ သညာဥပါဒါန်ထဲမှာ စာလုံးပုံတွေရဲ့ မှတ်တမ်းဟာ ရှိတော့ ပြန်ရှာတွေ့ပါတယ်။ တွေ့တော့မှ အဓိပ္ပါယ်ပေါ်ပါတယ်။ အသံထွက်ပါတယ်။ နာမည်ပေးပါတယ်။ ရှိတာက ရုပ်ပုံနှင့် အဆင်းရူပါရုံပဲ။ သညာက္ခန္ဓာထဲမှာ မရှိတာကို ပြန်ရှာမတွေ့တော့ အဓိပ္ပါယ်လည်း မဖေါ်နိုင်၊ အသံလည်း မထွက်တတ်ပါ။ ဒါဟာ စိတ်တို့၏ သဘာဝလုပ်ငန်းကို ပိုင်းပိုင်းခြားခြား သိစေလိုလို့ ဒီပညာကို သင်တာပါ။ ဒီပညာ၏အဓိပ္ပါယ်မှာ မြင်သော်လည်း မြင်တိုင်း အဓိပ္ပါယ်မသိပါ။ အသံ

မထွက်တတ်ပါ။ ပြန်ရှာစဉ် သညာဉပါဒါန်ခေါ်တဲ့ အမှတ်အစွဲထဲမှာ ရှိမှ အဓိပ္ပါယ်ဖေါ်နိုင်တာပါ။ တကယ်အလုပ်လုပ်တဲ့နေရာမှာ သညာ ဉပါဒါန် ဆိုတဲ့ အမှတ်အသားတွေ စွဲနေတာက အလုပ်လုပ်ပေးလို့ အသံထွက် တတ်တယ်။ အဓိပ္ပါယ်ပေါ်ပါတယ်။

ပထမကိစ္စနှင့် ဒုတိယကိစ္စ မတူပါ။ စိတ်၏အလုပ်သည် ၂-ခု ဖြစ်လာပါတယ်။ မြင်ကိစ္စလုပ်တာပါ။ မြင်ကိစ္စလုပ်ပေးလို့ စာလုံးကို မြင် ပါတယ်။ မြင်တာသည် အဓိပ္ပါယ်ပေါ်တာနှင့် မပေါ်တာ ရှိပါတယ်။ ဒုတိယ စိတ်က အမှတ်အသားဖြစ်သော သညာဉပါဒါန်အစွဲထဲ ဖြန့်ရှာတော့ မ တွေ့လို့၊ အဓိပ္ပါယ်လည်း မဖေါ်နိုင်၊ နာမည်လည်း မပေးနိုင်ပါ။ စိတ်၏ လုပ်ငန်းသဘာဝကို သိအောင် ခွဲခြမ်းပြတာပါ။ စိတ်က လုပ်ငန်း ၂-ခု၊ မြင်တာနှင့် အဓိပ္ပါယ်ဖေါ်တဲ့ အလုပ်လုပ်ပါတယ်။ အဓိပ္ပါယ်ဖေါ်ရာမှာ သညာဉပါဒါန်က ကူညီရပါတယ်။

သညာဉပါဒါန်ဆိုတဲ့ အမှတ်တွေကို စွဲထားတဲ့အဖွဲ့က ထောက်ပံ့ ပေးမှ အဓိပ္ပါယ်ဖေါ်နိုင်ပါတယ်။ ဒီသဘာဝတွေ အဟုတ်တကယ် အလုပ် လုပ်နေတာကို သိအောင် ဒီပညာကို သင်ယူရတာပါ။ မြင်တိုင်း အဓိပ္ပါယ် မသိပါ။ မှတ်ထားတဲ့ သညာအဖွဲ့ထဲမှာ ရှိမှ၊ မှတ်မိမှ ပြန်ပြီး အဓိပ္ပါယ်ဖေါ် နိုင်ပါတယ်။ မစွဲလျှင် အဓိပ္ပါယ်မဖေါ်နိုင်ပါ။ စွဲမှ အဓိပ္ပါယ်ဖော်နိုင်တာပါ။ ဒါသည် စိတ်၏အလုပ်လုပ်ပုံပါ။

ပထမအလုပ်နှင့် ဒုတိယအလုပ်မှာ မြင်ကိစ္စဆိုတဲ့ကိစ္စမှာ အဆင်း အာရုံက အထောက်အပံ့ပေးပါတယ်။ အဆင်းအာရုံက အရောင်၊ ပုံ သဏ္ဍာန်၊ အလုံးအထည်ကိုလည်း ပေးပါတယ်။ ဒါတွေကို မှီပြီးမှ မြင်ကိစ္စ

ကို ဆောင်ရွက်တာပါ။ မြင်ကိစ္စက သူလုပ်နိုင်တာ၊ မြင်တာကို လုပ်ပေးပါတယ်။ အရောင်သိအောင်၊ ပုံသဏ္ဍာန်သိအောင်၊ အလုံးအထည် သိအောင် လုပ်ပေးပါတယ်။ မြင်ရုံနှင့် မပြီးပါ။ မြင်ထားတာဟာ ဘာလဲလို့ အတိတ်မှာ မှတ်ထားတာကို ပြန်ပြီးရှာရပါတယ်။ ရှာတာသည် အလုပ်တစ်ခု။ ရှာလို့တွေ့ပြီဆိုမှ အဓိပ္ပါယ်ဖေါ်တာက အလုပ်တစ်ခု။ အလုပ်တွေက အနည်းဆုံး ၃-မျိုးလောက် လုပ်ရပါတယ်။ ဒုတိယအဆင့်မှာ လုပ်တာပါ။ အလွန်လျင်မြန်စွာလုပ်နေလို့ ဒီလိုလုပ်နေတာကို မသိလိုက်ပါ။ သဘာဝက လျင်မြန်စွာလုပ်နေတော့ ဒီလိုလုပ်နေရမှန်း မသိပါ။

အခုပြောနေတာသည် ကိစ္စ ၂-ခု။ မြင်ကိစ္စနှင့် အဓိပ္ပါယ်ဖေါ်တဲ့ကိစ္စ။ ကြားကိစ္စနှင့် အဓိပ္ပါယ်ဖေါ်တဲ့ကိစ္စ။ ပြောနေသော စကားသည် မြန်မာစကားမို့၊ ကြားတဲ့အသံကို ကြားကိစ္စ၊ ပြီးလျှင် အဓိပ္ပါယ်ဖေါ်တဲ့ အလုပ် လုပ်ပါတယ်။ အဓိပ္ပါယ်ဖေါ်တဲ့အလုပ်က အတိတ်က မှတ်ခဲ့သော သညာဥပါဒါန်ထဲမှာ ရှာလိုက်တိုင်း၊ သူပြောတဲ့အသံတွေကို အဓိပ္ပါယ်ဖေါ်တာပါ။ အသံထွက်လာတော့ ကြားပါတယ်။ (ပိုင်စီး၊ ပိုင်စီး)လို့ ပြောတာကို ကြားပါတယ်။ ဒါပေမယ့် မသိပါ။ သညာဥပါဒါန်ထဲမှာ မရှိလို့ ပြန်မထုတ်နိုင်ပါ။ Store Memory ခေါ်တဲ့ ဥပါဒါန်ထဲမှာရှိမှ ထုတ်နိုင်တာပါ။ (သွားစို့ သွားစို့)ဆိုတာကြတော့ သိပါတယ်။ သညာဥပါဒါန်ထဲ ရှိလို့ပါ။ (ပိုင်စီး၊ ပိုင်စီး)ဆိုတာ ယိုးဒယားစကားမို့ ယိုးဒယားတွေ သိပါတယ်။ (သွားစို့ သွားစို့)ကိုတော့ ယိုးဒယားမသိပါ။ သညာဥပါဒါန်ဆိုတဲ့ အမှတ်တို့၏သဘောထဲမှာ ကြားတာတွေလည်း မှတ်ထားရတယ်။ မြင်တာတွေလည်း မှတ်ထားရပါတယ်။ ဥပါဒါနက္ခန္ဓာကြီးက အလွန့်ကို ကြီးပါတယ်။

အဟုတ်တကယ်ရှိလို့ ပြန်ရှာလိုက်လျှင် တွေ့ပါတယ်။ တွေ့တာနှင့် ဒုတိယ အဆင့် အဓိပ္ပါယ်ဖေါ်တယ်။ နာမည်ပေးပါတယ်။ ဒါသည် စိတ်၏ အလုပ် ၂-ဆင့် လုပ်ပါတယ်။ မြင်ကိစ္စနှင့် အဓိပ္ပါယ်ဖေါ်တဲ့ကိစ္စ၊ ကြားကိစ္စနှင့် အဓိပ္ပါယ်ဖေါ်တဲ့ကိစ္စ။ ဒီလို သဘာဝအလုပ်တွေ လုပ်နေတဲ့အထဲမှာ ဥပါ ဒါနက္ခန္ဓာခေါ်တဲ့ အစွဲအဖွဲ့က သာမန်မဟုတ်ပါ။ အလွန် အထောက်အကူ ပေးပါတယ်။ အစွဲအဖွဲ့၏ လုပ်ငန်းသဘောနှင့် အထောက်အကူပေးတာ ကို သိနားလည်ဖို့ပါ။

ခန္ဓာ ၅-ပါး သိပါပြီ။ ဥပါဒါနက္ခန္ဓာ ၅-ပါး သိပါပြီ။ နာမ်ခန္ဓာတို့ အလုပ်လုပ်ပုံ၊ မြင်ကိစ္စ အလုပ်လုပ်ပုံနှင့် အဓိပ္ပါယ်ဖေါ်ပုံ ၂-ဆင့် ရှိပါတယ်။ မိမိဉာဏ်နှင့် စဉ်းစားတတ်ဖို့ပါ။ ဒီထက် အဆင့်မြင့်တာကို တက်လှမ်းနိုင်ဖို့ ဒီအချက်တွေကို မှတ်ထားပါ။ ဟုတ်၏မဟုတ်၏ စဉ်းစားပါ။ ကိုယ်တိုင် မြင်သမျှ ကြားသမျှတွေကို မြင်တိုင်းလည်း မသိပါ။ ကြားတိုင်းလည်း မသိပါ။ အဓိပ္ပါယ် မပေါ်ပါ။ သညာက္ခန္ဓာထဲမှာရှိမှ အဓိပ္ပါယ် ပေါ်ပါတယ်။ ဒါသည် သဘာဝတရားတွေပါ။ သိတဲ့သဘာဝ၊ မှတ်တဲ့သဘာဝတွေ ဘယ် လို အလုပ်လုပ်တယ်ဆိုတာကို သိအောင်ပါ။ ဒီလို ပိုင်းပိုင်းခြားခြား သ ဘောပေါက်လာမှ ခန္ဓာ ၅-ပါး၏ အဓိပ္ပါယ်ကိုလည်း သိပါတယ်။ ဥပါဒါ နက္ခန္ဓာ ၅-ပါး အဓိပ္ပါယ်ကိုလည်း သိပါတယ်။

မြင်ကိစ္စအလုပ်လုပ်ပုံ၊ မြင်ကိစ္စ အလုပ်လုပ်တာကို အဓိပ္ပါယ်ပြန် ပုံ၊ ကြားကိစ္စ အလုပ်လုပ်ပုံ၊ ကြားကိစ္စအလုပ်လုပ်တာကို အဓိပ္ပါယ်ပြန်ပုံ အဆင့်ဆင့်ကို ပိုင်းပိုင်းခြားခြား သိပါပြီ။ ဒါတွေဟာ အဆင့်မြင့်သော ခန္ဓာ ၅-ပါး၏အလုပ်၊ ဥပါဒါနက္ခန္ဓာ ၅-ပါး၏ အလုပ်တွေကို သိပြီးတော့မှ

မြင့်သောပညာ၊ မြတ်သောပညာ၊ (သာမန်လူတို့၏ အလုပ်ထက် ပိုလွန်သော နိဗ္ဗာန် မဂ်ဖိုလ်ကို ပို့ဆောင်နိုင်သည့် ထူးသောပညာ မြတ်သောပညာ)များကို တက်လှမ်းနိုင်ဖို့ အခြေခံပညာများကို သင်ယူရတာပါ။ ဒီပညာများကို ကျေကျေလည်လည်ဖြစ်မှ အဆင့်မြင့်သော ပညာများကို တက်လှမ်းနိုင်မှာပါ။ အဆင့်မြင့်တဲ့ပညာ- လောကုတ္တရာပညာ။ လောကုတ္တရာပညာခေါ်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရောက်အောင် အထောက်အကူပေးတဲ့ အခြေခံဖြစ်သော ခံယူချက်များ၊ အခြေခံဖြစ်သော သဘောတရားများကို ကောင်းစွာသိခဲ့မှ မြင့်သောပညာ၊ မြတ်သောပညာကို တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

အခု ခန္ဓာ ၅-ပါးလည်း သိပြီ၊ ဥပါဒါနက္ခန္ဓာ ၅-ပါးလည်း သိပါပြီ။ သူတို့၏ အလုပ်သဘောကိုလည်း သိပါပြီ။ ဒီပညာတွေဟာ သမ္မာသမ္ဗုဒ္ဓက ရှင်းလင်းဖော်ပြခဲ့လို့သာ သိရ၊ မြင်ရ၊ ကြားရတာပါ။ ဒီထက်မြင့်သောပညာတွေ၊ ကုသိုလ်တရားတွေ၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်တွေ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းထွက်မြောက်နိုင်သော ထူးသောကုသိုလ်များကို ဖြည့်ဆည်းနိုင်ဖို့ဆိုတာ ဒီပညာတွေနှင့် အခြေခံမှပါ။ ဒါကြောင့် မြင့်သောတရား၊ မြတ်သောတရားများကို ဖြောင့်ဖြောင့်မတ်မတ် အားထုတ်နိုင်ကြသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။